တရုနာကျေးရွာ

ကျိုက်မရောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တရုနာကျေးရွာ၊ ကျိုက်မရောမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

Scanned by CamScanner

မာတိကာ

မာတိကာ ၁

စကားချီး ၅

တရုနာကျေးရွာသယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

Scanned by CamScanner

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်ဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဓရိယာ

Scanned by CamScanner

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

Scanned by CamScanner

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀
ကိုးကားစာရင်း ၇၅

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

Scanned by CamScanner

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တရနာကျေးရွာ
ကျိုက်မရောမြို့နယ်

Scanned by CamScanner

တရုန်ကျေးရွာသယ်ဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ်



Scanned by CamScanner

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

Scanned by CamScanner

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အား ထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုရှုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

Scanned by CamScanner

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။
ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ တရနာကျေးရွာသည် မွန်ပြည်နယ်၊ကျိုက်မရောမြို့၊တရနာအုပ်စုတွင်တည်ရှိပြီးကျိုက်မရောမြို့၏အရှေ့မြောက်(၂၅)မိုင်အကွာ၊ မုဒုံမြို့နှင့်(၁၇)မိုင်၊ မော်လမြိုင်နှင့်(၃၅)မိုင်မြေပြန့်လွင်ပြင်ဖြစ်ပြီး ကျိုင်းမြစ်ရေရသဖြင့် မိုးသီးနှံအောင်ရေ နှင့်နွေသီးနှံများအတွက် စိုက်ပျိုးရေလုံလောက်စွာရပါသည်။

(ခ)သဘာဝအရင်းအမြစ်များ

သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေနှင့်ထင်သာမြင်သာအောင်တွေ့ရှိရမှုများမရှိပါ။သို့သော်ကျိုင်းမြစ်ရှိသောကြောင့်ရာသီအလိုက်သားငါးမျိုးစုံဖမ်းယူစားသောက်နိုင်ပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သောဖား၊ကြွက်၊မြွေများလည်းအနည်းငယ်ရရှိပါသည်။ကျောက်စရစ်၊သဲတို့ကိုမြစ်အတွင်းမှစုပ်ယူလာသောလှေများမှဝယ်ယူနိုင်ပါသည်။လမ်းခင်းကျောက်၊ထုံးကျောက်ကိုခမ္မာသတောင်၊အလယ်တောင်၊ငါးဆူတောင်၊ခရုံဂူတောင်တို့မှအလွယ်တကူဝယ်ယူရရှိနိုင်သည်။သဘာဝအပင်မျိုးစိတ်များဖြစ်သောဆေးဘက်ဝင်ဗီစပ်ကိုမူအလေ့ကျပေါက်ပင်အဖြစ်လမ်းဘေးဝဲယာတလျှောက်မြင်တွေ့နိုင်ပါသည်။သို့သော်လက်တွေ့တွင်အသုံးချမှုနည်းပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် မွန်လူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၁၄၆၂)စုရှိပြီး လူဦးရေ စုစုပေါင်း(၈၇၀၉)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင်(၅–၆)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၅%တွင်ရှိပြီးအမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် ပိုမိုများပြားပါသည်။ အသက် (၁၅) နှစ်အောက် နှင့် အသက်(၆၀)နှစ်အထက်မှီခိုသူဦးရေ၂၆%ရှိပါသည်။လူဦးရေတိုးပွားလာခြင်း၊လူနေမှုများအရင်အချိန်များနှင့်နှိုင်းယှဉ်လျှင်အနည်းငယ်မြင့်မားလာခြင်း၊ပညာရေးကိုစိတ်ဝင်စားလာခြင်းတို့ရှိလာပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင်ကလေး(၂)ဦးမှ(၃)ဦးအများဆုံးယူကြကြောင်းတွေ့ရှိရသည်။ပညာရေး

Scanned by CamScanner

တွင်လည်းအတန်းပညာပြီးမြောက်အောင်သင်ယူသည့်ဦးရေနည်းပါးစွာတွေ့ရှိရသော်လည်းအရင်အချိန်များနှင့်နှိုင်းယှဉ်လျှင်စာတတ်မြောက်ရေးကိုမိဘများပိုမိုစိတ်ဝင်စားလာကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။

ကိုယ်ပိုင်လုပ်ငန်းများအနေဖြင့်အများဆုံးစိုက်ပျိုးရေး (လယ်/ခြံ/ရာသီပေါ်သီးနှံ) များသာလုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။အိမ်ဆိုင်လေးများရောင်းချခြင်းနှင့်တခြားလူအသုံးအဆောင်ပစ္စည်းများရောင်းချသောဆိုင်များရှိကြောင်းတွေ့ရှိရသည်။ငါးဖမ်းလုပ်ငန်းများအဖြင့်လည်းအသက်မွေးဝမ်းကြောင်းပြုသူများလည်းရှိပါသည်။ပွင့်လင်းရာသီများတွင်လက်သမား၊ဈေးရောင်းဈေးဝယ်လုပ်ငန်းများ၊အခြားသောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ကိုင်နိုင်သည့်အခွင့်အလမ်းပိုများကြောင်းတွေ့ရှိရသည်။ကျေးရွာတွင်လယ်ယာလုပ်ငန်း၌ပျိုးနုတ်၊ကောက်စိုက်ရာတွင်ယနေ့အချိန်တွင်ရွှေပြောင်းလုပ်သားများကိုသာအားထားနေရပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သောဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၃၈)ရာခိုင်နှုန်းရှိသည်ဟုသတ်မှတ်ကြပါသည်။

ကျေးရွာ၏ ၆၀% သည် မြေယာမဲ့များ ဖြစ်ကြသည်။ ၂.၅ ဧကအောက်ပိုင်ဆိုင်သူ ၁၀%ရှိပြီး မြေပိုင်ဆိုင်သူများ၏ ၁၂%သည် ၂.၅ဧက မှ ၁၂.၅ ဧကအထက် ပိုင်ဆိုင်ကြပါသည်။မြေယာပိုင်ဆိုင်မှုမရှိသော်လည်းနိုင်ငံခြားဝင်ငွေရှိသဖြင့်စီးပွားရေးကောင်းမွန်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု။ ။

စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စု(၅၅၉)ရှိသည်အနက် (ဂ) နှင့် (ဃ)အိမ်ထောင်စုများသည်တစ်နေ့ဝမ်းစာကိုချေးယူ၍သော်လည်းကောင်း၊အထောက်အပံ့ယူ၍သော်လည်းကောင်းဖြည့်တင်းကြပါသည်။အိမ်ထောင်စုများသည်အကြွေးတင်ရှိမှုအနည်းဆုံး (၁)သိန်းမှ (၅)သိန်းအထိရှိကြပြီး:ဆွေမျိုး၊မိတ်ဆွေနှင့်ငွေတိုးချေးစားသူများထံမှချေးယူကြပါသည်။ချေးငွေကိုအများစုသည်စားသုံးရန်နှင့်ကျန်းမာရေးအတွက်ချေးယူမှုများပြားပြီး:ပညာသင်ကြားရန်အတွက်လည်းချေးယူကြပါသည်။

ကျေးရွာသည်ဂျုံးမြစ်နံဘေးတွင်ရှိခြင်းကြောင့်မြစ်ရေတက်ချိန်တွင်ရေကြီးမှုရှိသော်လည်းစိုးရိမ်မမရှိပါ။ကျေးရွာတွင်လယ်ယာလုပ်ငန်းကိုဘိုးဘေးဘီဘင်ခေတ်ကပင်လုပ်ကိုင်ခဲ့ကြပါသည်။သို့သော်ယနေ့တွင်စိုက်ပျိုးရေးတောင်သူများသည်သီးနှံအထွက်နှုန်းနည်းခြင်း၊အမြတ်ရရှိမှုနည်းခြင်း၊လုပ်သားရှားပါးခြင်းပြဿနာကိုရင်ဆိုင်နေရပါသည်။ကြွက်များကျခြင်း၊ပိုးကျခြင်းတို့ကြောင့်မြေပဲအထွက်နှုန်းလျော့ပါသည်။မြွေအန္တရာယ်အထူးသတိထားရပါသည်။ သီးနှံများဖျက်ပိုး နှင့် ရောဂါများကျရောက်ခြင်း၊ ဈေးကွက်မတည်ငြိမ်မှုများကြောင့် ဆင်းရဲသားတောင်သူငယ်များနှင့်ကျပန်းမိသားစုများ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများအတွက်စားနပ်ရိက္ခာမဖူလုံမှုများအနည်းငယ်ရှိပါသည်။သီးနှံခင်းများပျက်ဆီးလျှင်ကျပန်းလုပ်ကိုင်သူများအခွင့်အလမ်းထိခိုက်စေနိုင်ပါ

Scanned by CamScanner

သည်။လူငယ်/လတ်ပိုင်းအများစုသည် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ခြင်းကြောင့် ကူးစက်ရောဂါနှင့် မူးယစ်ဆေးစွဲခြင်းအန္တရာယ် ကြုံတွေ့နိုင်ချေရှိပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ သွေးလွန်တုပ်ကွေးရောဂါသည်ကလေးငယ်များတွင် ဖြစ်ပွါးနှုန်းအများဆုံးဖြစ်ပြီးမိုးရာသီတွင်ခြင်ပေါက်ဖွားနှုန်းများသဖြင့်ကူးစက်ခံရခြင်းဖြစ်ပါသည်။ သွေးတိုးရောဂါ၊ဆီချိုရောဂါသည်ကျေးရွာရှိလူကြီးအများစုတွင် အဖြစ်များသောရောဂါဖြစ်ပါသည်။ ကျန်းမာရေးအသိအားနည်းပြီးငါးပိ၊စားအုန်းဆီ၊အချိုမှုန့်စသည့်ဘေးဖြစ်စေသောအစားအစာများကို မဆင်မခြင်စားသုံးခြင်းကြောင့်ဖြစ်ပါသည်။အသည်းကင်ဆာ၊အသည်းရောဂါဖြစ်ပွားမှုရှိပါသည်။တီဘီရောဂါဖြစ်ပွားသူအနည်းငယ်ရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

လူဦးရေတိုးပွားလာခြင်း၊လူနေမှုများအရင်အချိန်များနှင့်နှိုင်းယှဉ်လျှင်အနည်းငယ်မြင့်မားလာခြင်း၊ပညာရေးကိုစိတ်ဝင်စားလာခြင်း၊တစ်အိမ်ထောင်လျှင်ကလေး(၂)ဦး၊(၃)ဦးအများယူကြကြောင်းတွေ့ရှိရသည်။ပညာရေးတွင်လည်းအတန်းပညာပြီး:မြောက်အောင်သင်ယူသည့်ဦးရေနည်းပါးစွာတွေ့ရှိရသော်လည်းအရင်အချိန်များနှင့်နှိုင်းယှဉ်လျှင်စာတတ်မြောက်ရေးကိုမိဘများပိုမိုစိတ်ဝင်စားလာကြောင်းတွေ့ရှိရပါသည်။အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏၁၂.၃%သည် စာတတ်မြောက်မှုမရှိကြပါ။ ၆.၇%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှုအနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၅၆%၊ အလယ်တန်းပညာပြီးဆုံးသူ ၁၈%၊ အထက်တန်းပညာပြီးဆုံးသူ ၃.၅% နှင့် ဘွဲ့ရရှိသူ ၃.၄% ရှိပါသည်။ ယခုအခါ အသက် (၅–၉)နှစ် အတွင်း လူဦးရေ (၁၃၉၁)ဦးရှိသော်လည်း မူလတန်းပညာတက်ရောက်နေသူ(၃၇၇)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၂၇%ရှိသဖြင့် ကလေးများကျောင်းနေနောက်ကျခြင်းကြောင့်အသက်(၉)နှစ်ကျော်သော်လည်းမူလတန်းအဆင့်တွင်ပင်ရှိနေခြင်း၊ အသက်(၁၀–၁၄)နှစ်အတွင်း လူဦးရေ(၅၂၃)ဦးရှိသော်လည်း တက်ရောက်နေသူ(၄၂၈)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၅၉%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်းအဆင့်တွင်ပင်ရှိနေကြပါသည်။

ကျေးရွာတွင်စက်ချုပ်ခြင်း၊ယာဉ်မောင်းခြင်း၊စက်ပြင်ခြင်း၊အလှပြင်ဆိုင်၊ကုန်ရောင်းကုန်ဝယ်၊ကျပမ်းတို့အပြင်ကျန်းမာရေးဝန်ထမ်း(၁)ဦး၊ရုံးဝန်ထမ်း(၆)ဦး၊ ပညာရေးဝန်ထမ်း(၁၂)ဦးရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။

စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ အလယ်တန်း၊ အထက်တန်းနှင့် ဘွဲ့ရသည် ထိ တက် ရောက်နိုင်မှု တွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။

ကျေးရွာ၏အုပ်ချုပ်ရေးပိုင်းတွင်အမျိုးသမီးအုပ်ချုပ်ရေးမှူးမှစီမံခန့်ခွဲလျှက်ရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများနည်းတူ ကျေးရွာ၏ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ကြပါသည်။

တရနာကျေးရွာတွင် တစ်ရက်လျှင် အမျိုးသား တစ်ဦး အလုပ်လုပ်ခ (၈၀၀၀)ကျပ် နှင့် အမျိုးသမီး တစ်ဦးလျှင် (၅၀၀၀)ကျပ်ရရှိပါသည်။

Scanned by CamScanner

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ တရနာကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုသည် အားနည်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ လုပ်ငန်းများတွင် ပရဟိတစိတ်အပြည့်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နေသော လူငယ်လူရွယ်များ များစွာရှိပါသည်။ လုပ်ကိုင်ဆောင်ရွက်ရမည့် နည်းစနစ် ၊ နည်းလမ်းများကို လူနည်းစုကသာ အတိအကျလိုက်နာခြင်း ၊ဦးစီးဦးဆောင် လုပ်ကိုင်နေခြင်းကျေးရွာပိုင်ရန်ပုံငွေများ ကိုသုံးစွဲရာတွင်ပွင့်လင်းမြင်သာမှု၊ စာရင်းဇယားရေးသွင်းမှုအားနည်းခြင်း၊ ကျေးရွာရှိ အဖွဲ့အစည်းများ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်းတို့ ရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျေးရွာတွင် လယ် ၂၄၉၉ ဧက၊ ရာဘာ ၃၉၁.၅ ဧက၊ နှင့်ဥယျာဉ်ခြံ ၉၈ဧကရှိပါသည်။ စိုက်ပျိုးရေအား ကျိုင်းမြစ် မှ ရေစုပ်စက်များဖြင့် သွင်းယူကြပါသည်။လယ်သမားအများစုသည်မိုးစပါးကိုသာအဓိကထားစိုက်ပျိုးကြပြီး တစ်ဧက ပျမ်းမျှ စပါးတင်း(၆၀မှ၇၀)တင်းထိ ထွက်ရှိပါသည်။ မြေဆီသြဇာကောင်းမွန်သော မြေဆီလွှာဖြစ်ပြီး စပါးရိတ်သိမ်းပြီးမြေအစိုဓာတ်ရှိချိန်တွင်မြေပဲ၊မတ်ပဲ၊ပဲတီစိမ်းကိုစိုက်ပျိုးကြပါသည်။သို့ရာတွင်ကြွက် ကိုက်ခြင်း၊ပိုးကျခြင်းတို့ကြောင့်မြေပဲကိုဆီအဖြစ်ကြိတ်မှသာလျှင်အမြတ်ရရှိ ပါသည်။ ယခုအခါ လယ်များတွင်ပိုးများ၊ကြွက်များအများအပြားကျရောက်လျှက်ရှိပြီးအပင်များကိုကိုက်ဖြတ်ပါသည်။စ ပါးကိုနှစ်စဉ်နယုန်လမှသီတင်းကျွတ်လအထိစိုက်ပျိုးပါသည်။ရာဘာပင်များကိုယခုအခါတခြားသော ကျေးရွာများတွင်သွားရောက်စိုက်ပျိုးနေကြပြီးဖြစ်သည်။မြစ်ချောင်းများတွင်ငါးများကိုဖမ်းယူစားသေ ာက်ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာရှိမိသားစု များသည် စက်ချုပ်၊ စက်ပြင်၊ ယာဉ်မောင်း၊အလှပြင်ခြင်း၊အခြားသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။
ကျေးရွာသည်ကျိုင်းမြစ်တစ်လျှောက်တည်ရှိသဖြင့်တစ်နှစ်လျှင်လေးကြိမ်မျှရေကြီးလေ့ရှိပြီးတစ်ခါ တစ်ရံလေးရက်မှငါးရက်ကြာမြင့်ပါသည်။ထိုသို့ဖြစ်ရခြင်းမှာမိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ဖြ စ်ရေလျှံတက်လာခြင်းဖြစ်ပါသည်။ကျေးရွာတွင်အိမ်တိုင်းမှာမြင့်မြင့်ဆောက်ထားသဖြင့်စိုးရိမ်စရ ာမရှိပါ။မြစ်ကမ်းပါးနံရံပြိုကျခြင်းမှာကာကွယ်နိုင်ရန်ကျောက်စီနံရံများကာရံထားပြီးဖြစ်ပါသည်။ဖြ စ်အတွင်းသို့မဆင်မခြင်အမှိုက်များစွန့်ပစ်ကြခြင်းကြောင့်ငါးမျိုးစိတ်များမျိုးတုံးပျောက်ကွယ်သွ ားမည်ကိုစိုးရိမ်သဖြင့်အမှိုက်သိမ်းယာဉ်များစီစဉ်ထားရှိပါသည်။မြစ်အတွင်းသဲကျောက်ထုတ် လုပ်မှုကိုလည်းတားမြစ်ပိတ်ပင်ထားပါသည်။အိမ်များနီးကပ်စွာတည်ရှိနေခြင်းကြောင့်မီးဘေးအန္တ ရယ်ကာကွယ်နိုင်ရန်မီးသတ်ကားတစ်စီးစီစဉ်ထားရှိပါသည်။ သဘာဝ ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဆော်သြမှုဖြင့်သာ ဆောင်ရွက် လုပ်ကိုင်ကြပါသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကျေးရွာ အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ဆောင်ရွက်လုပ်ကိုင်ကြပါသည်။

Scanned by CamScanner

(ငါး) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။။ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာအတွင်းတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှစိုက်ပျိုးစရိတ်များချေးယူရရှိနိုင်ပါသည်။ ပုံစံ(၇)ရှိသောတောင်သူများအနေဖြင့် လယ်တစ်ဧကလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ဧကာ၊ ယာတစ်ဧကလျှင် ၂၀၀၀၀/ကျပ် ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ လိုအပ်သောငွေကြေးကိုငွေတိုးချေးစားသူများထံတွင်ပစ္စည်းအပေါင်ထား၍သော်လည်းကောင်းရွေဆိုင်များတွင်အတိုးပေး၍ ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ကျေးရွာ၏ပညာရေးကဏ္ဍတွင် မူလတန်းလွန်ကျောင်း၊အလယ်တန်းခွဲကျောင်း၊အထက်တန်းကျောင်းတည်ရှိပြီး တပည့်၊ ဆရာအချိုး (၇)ဖြင့် သင်ကြားလျှက်ရှိပါသည်။ အလယ်တန်းကျောင်း(ခွဲ)ဆောင်သည် မျက်နှာကျက် မပြီးသေးပါ။ လက်ရှိကျောင်းဆောင်လုံလောက်မှုမရှိ သည့်အတွက် ကျောင်းသားများပညာသင်ကြားရာတွင် အခက်ခဲများကြုံတွေ့ကြရပါသည်။ကျောင်းသူ/သားများစာသင်ကြားရန်အတွက် ကျောင်းသုံးပရိဘောဂများလုံလောက်ခြင်းမရှိပါ။ အလယ်တန်းနှင့် အထက်တန်းပညာများကို ကျေးရွာတွင်သာသင်ကြားနိုင်ပါသည်။ မော်လမြိုင်တက္ကသိုလ်တက်ရောက်ရန်အတွက် ကျေးရွာမှ ဆိုင်ကယ်၊ လိုင်းကားများဖြင့် သွားရောက်၍လေ့လာ ဆည်းပူးနိုင်ပါသည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီးအရံသားဖွားဆရာမ(၁)ဦး၊ကျန်းမာရေးမှူး(၁)ဦး၊အရံသားဖွားဆရာမ(၂)ဦး၊ကြီးကြပ်(၂)ဦးထားရှိပါသည်။တိုက်နယ်ဆေးရုံလည်းဆောက်လုပ်နေပြီးဖြစ်ပါသည်။ အရေးကြီးရောဂါများဖြစ်ပွားပါက မော်လမြိုင် နှင့် မုဒုံမြို့ရှိ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်ကုသကြပါသည်။ကျေးရွာတွင် ရေတွင်း(၆)တွင်းရှိပါသည်။ မြစ်ရေ၊ချောင်းရေကိုလည်းအသုံးပြုကြပါသည်။

ယင်လုံအိမ်သာ(၁၅၇၅)လုံးရှိပြီးတချို့သည်တစ်အိမ်ထဲတွင်အိမ်သာ(၂)လုံးအသုံးပြုကြပါသည်။ အများစုသည် ယင်လုံအိမ်သာများအသုံးပြုကြပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။ လူငယ်များအားလပ်ချိန်များ၌ ဘောလုံးကန်ခြင်း၊ခြင်းခတ်ခြင်းများအား အပျော်တမ်းကစားကြပါသည်။ ကျေးရွာတွင်းရှိ လူငယ်များသည် ရွာတွင်းလမ်းများ ပြုပြင်ပေးခြင်း၊ အလှူအတန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုပူဇော်ပွဲများတွင် ပါဝင်ကူညီခြင်း၊ ဝါတွင်းသုံးလကာလပတ်လုံးလူငယ်များဥပုဒ်ဆွမ်းကပ်လှူခြင်း၊ ကျေးရွာရှိသာရေး/နာရေးကိစ္စများ၊ ဘာသာရေးပွဲတော်များတွင် လှုပ်ရှားဆောင်ရွက်မှုများရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်မွန်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

တရနာကျေးရွာ မှ အခြားကျေးရွာများ နှင့် မြို့များသို့ ထုတ်ကုန်ပစ္စည်းများ သယ်ယူ ပို့ဆောင်ရန်နှင့်ဆက်သွယ်သွားလာနိုင်ရန်ကားလမ်းဖြင့်သွားလာနိုင်ပါသည်။

Scanned by CamScanner

လက်ရှိလမ်းသည်ကောင်းမွန်နေပြီးဖြစ်၍ဆယ့်နှစ်လရာသီပတ်လုံးသွားလာရန်လွယ်ကူနေပြီးဖြစ်ပါသည်။ ကျေးရွာတွင် MPT၊Telenor၊Ooredoo၀ဆင်းကတ်တို့အား အသုံးပြုကြပါသည်။ တယ်လီဖုန်း ဆက်သွယ်ရေးလိုင်း(၃)ခုလုံးလက်လှမ်းမီပါသည်။ ကျေးရွာမီးလင်းရေးအနေဖြင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှရယူသုံးစွဲကြပါသည်။ဒီဇယ်သုံးအင်ဂျင်အနည်းငယ်အသုံးပြုမှုရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။

ရဲစခန်းသည်ကျေးရွာအတွင်းတည်ရှိပါသည်။ ဒေသတွင်း၌ မူးယစ်ဆေးများအလွယ်တကူလက်လှမ်းမှီနေကြ သဖြင့် လူငယ်အချို့သုံးစွဲမှု ရနေကြပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက် လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။

ထို့ကြောင့်ယင်းအဓိကအချက်ကိုဖော်ဆောင်နိုင်မည့်နည်းလမ်းသို့မဟုတ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာရှိထားရန်အရေးကြီးပါသည်။ကျေးရွာ၏ လက်ရှိ အခြေ အနေ၊ ရင်ဆိုင်နေရသောအခက်အခဲနှင့် စိန်ခေါ်မှုများမှသည် ရရှိလိုသည့်အခြေအနေသို့ရောက်ရှိရန် ကြောင်းကျိုးဆက်စပ် ဖော်ဆောင်လုပ်ကိုင်ရပါမည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသား၊ အမျိုးသမီးများ တက်ကြွစွာ ဆောင်ရွက်နေကြခြင်း။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦးရေ ၆၅%ရှိသည့်အနက်၊ ဘွဲ့ရပညာတတ်(၂၄၉)ဦး နှင့် အခြေခံပညာတတ်ကျွမ်းသူလူငယ်များရှိသောကြောင့် အမျိုးမျိုးသောလုပ်ငန်းများ အတွက် လုပ်သား အင်အား ရှိခြင်း။

မြေပြန့်လွင်ပြင်ဖြစ်ပြီး မြေဩဇာထက်သန်သည့်နုံးတင်မြေဖြစ်သဖြင့် သီးနှံအလွန်ဖြစ်ထွန်းနိုင်ခြင်း။ ဂျိုင်းမြစ်ရေရသဖြင့်မိုးသီးနှံအောင်ရေနှင့်နွေသီးနှံများအတွက် စိုက်ပျိုးရေ လုံလောက်စွာရခြင်း။

ထွက်ရှိလာသော ထွက်ကုန်များကို ရောင်းချနိုင်သော စျေးကွက်ရှိခြင်း။

ကျေးရွာမှ အခြားကျေးရွာများသို့ ကုန်စည်ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း။မိုးစပါးစိုက်ပျိုးရန်အတွက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများထုတ်ချေးပေးပါသည်။စိုက်ပျိုးရေးပညာပေးခြင်းသင်တန်းကိုအထိုက်အလျောက်လုပ်ဓာတ်မြေဩဇာများကိုအလွယ်တကူဂယ်ယူရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာအဖွဲ့အစည်းမှ တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လည်ပတ် ရန်ပုံငွေများကို လုပ်ဆောင်နေကြသော်လည်း စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည် အားနည်း

Scanned by CamScanner

ခြင်း။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်း၊ လုပ်အားခစျေးနှုန်းမြင့်တက်ခြင်းတို့ ဖြစ်ပေါ်နေခြင်း။

ပိုးမွှားကျရောက်ခြင်း ကူးစက် ရောဂါ ဖြစ်ပွားခြင်း၊ ချေးငွေကို လိုအပ်သောအချိန်၊ လိုအပ်သောပမာဏမရရှိခြင်း။နွားချေးဖြင့်စိုက်ပျိုးမှုမရှိသလောက်ရှားလာသည်။တစ်ဖက်နိုင်ငံသို့ အလုပ်လုပ်သူများပြားသဖြင့် ကျေးရွာအတွင်းစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်ရွှေ့ပြောင်း လုပ်သားများကိုသာအားကိုးနေရပါသည်။

ကျောင်းဆောင်နှင့်ပရိဘောဂမလုံလောက်ခြင်း၊ မြို့သို့ကျောင်းတက်ရန် မတတ်နိုင်ခြင်း၊ မိသားစုဝင်ငွေနည်းပါးခြင်းတို့ကြောင့် ပညာတတ်မြောက်မှုတွက် အဟန့် အတားများ ဖြစ်ခြင်း။

မူးယစ်ဆေးဝါးလွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်းကြောင့် ဆေးစွဲမှုကိုကြီးထွားစေခြင်း။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် မြို့နယ်အဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးမွေမြူရေး နှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ မိသားစုများ၏ ဝင်ငွေတိုးတက်လာရေး။

က၊၂) လူသားစွမ်းရည်ဖွံ့ဖြိုးလာစေပြီးအစုအဖွဲ့ဖြင့် ဆောင်ရွက်သည့် လူထုအခြေပြုအဖွဲ့အစည်းများထွန်းကားလာစေရေး။

က၊၃) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုအခြေခံအဆောက်အဦးများလက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရေး တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာသူ၊ကျေးရွာသားများဖြင့် တွဲဖက်ကာ အောက်ဖော်ပြပါ အကောင်အထည် ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး ဆောင်ရွက်သွားပါမည်။

ခ၊၁) တောင်သူများ ဝင်ငွေတိုးတက်လာစေရန်အတွက် ဈေးကွက်ကောင်းသည့် ရာသီသီးနှံများ (ဖရဲ၊ မတ်ပဲ၊ ပဲတီစိမ်း) ၊ နှစ်ရှည်ပင်များ (ရာဘာ၊ ကြက်မောက်၊ ကျွဲကော) တို့ကို စိုက်ပျိုးရေး နည်းပညာ ဝန်ဆောင်မှု နှင့် မျိုးကောင်းမျိုးသန့်များလွယ်ကူစွာ ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေး ကုမ္ပဏီများ နှင့် ချိတ်ဆက် လုပ်ဆောင်ရန် ။

Scanned by CamScanner

၉၊၂) စိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့်ဆက်သွယ်၍ စက်ယန္တယားများသုံးပြီး မစိုက်ဖြစ်သော မြေများတွင် ဈေးကွက်ဝင်သီးနှံများ (ဈေးကောင်းရ ပြည်ပပို့ကုန်များ ဖြစ်သော ပဲတီစိမ်း၊ မတ်ပဲ) တို့ကို အကျိုးတူစိုက်ပျိုးခြင်း။

၉၊၃) လယ်မြေ များရှိသဖြင့် နွား၊ ဆိတ်၊ ကြက်တို့ကို မွေးမြူရေး နည်းပညာများ ရယူသုံးစွဲ၍ စံနစ်တကျမွေးမြူရန်။

၉၊၄) ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ပစ္စည်းများဖြည့်ဆီးခြင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ တက်ကြွစွာပါဝင်၍ ကျောင်းနေပျော်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးသည့် ကလေးများ ဖြစ်စေရန်။

၉၊၅) ကျန်းမာရေး အသိဖြင့် နေထိုင်တတ်ရန် ဝန်ဆောင်မှုပေးခြင်း။

၉၊၆) ကျေးရွာရှိ တက်ကြွသော ရွာသူရွာသားများ နှင့် ပညာတတ်လူငယ်များအား ခေါင်းဆောင်မှုသင်တန်၊ စီမံခန့်ခွဲရေးသင်တန်း၊ အစုအဖွဲ့ဆိုင်ရာသင်တန်းများ တက်ရောက်စေ ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါ ဝင်လုပ်ကိုင်စေခြင်းဖြင့် အနာဂတ်ခေါင်းဆောင်လောင်း များ လေ့ကျင့်ပျိုးထောင်ပေးရန်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက်

Scanned by CamScanner

သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

Scanned by CamScanner

(ဂ) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် ဆိုင်ခန်း ၃၀ - ၄၀ ပါရှိသည့် ယာယီဈေးတစ်ခုရှိသည်။ လူကြီးခရီးစဉ်ကြုံကြိုက်စဉ်တို့တွင် ဈေးရောင်းချမှုကို ရွှေဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ်သည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေ၊ သန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ တရနာကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့ အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံခန့်ချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း

Scanned by CamScanner

(Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စဉ်	ကဏ္ဍ/ အကြောင်း အရာ	စီမံချက်	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်
၁။	မီးလင်းရေး	မီးလင်းရေးကော်မတီအားပညာပေးသင်တန်းများပို့ချပေးရန်	၄၆	၇	• မီးလင်းရေးကော်မတီအားပညာပေးသင်တန်းများပို့ချပေးရန်
၂။	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်လာအောင် ဆောင်ရွက်ခြင်း	၅၈	၆	• စိုက်ပျိုးရေးဌာနနှင့် ချိတ် ဆက်၍ ➢ သီးနှံစိုက်ပျိုးနည်းပညာသင်တန်း ➢ မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း
၃။	ငါးဖမ်းလုပ်ငန်း	ငါးမဖမ်းရဇုန်သတ်မှတ်ပေးခြင်း ငါးလုပ်ငန်းဆိုင်ရာပညာပေး သင်တန်းများဖွင့်လှစ်ခြင်း	၆၄	၅	• ငါးလုပ်ငန်းဦးစီးဌာနနှင့်ချိတ်ဆက်၍ • ငါးမဖမ်းရဇုန်သတ်မှတ်ပေးခြင်း • ငါးလုပ်ငန်းဆိုင်ရာပညာပေးသင်တန်းများဖွင့်လှစ်ခြင်း
၄။	ပညာရေး	ပညာရေးအဆောက်အဦးများ ပြည့်စုံကောင်း မွန်အောင်ဆောင်ရွက် ခြင်း။	၉၅	၁	• ပညာရေးဌာနနှင့်ချိတ် ဆက်၍ ➢ ပညာရေးအဆောက်အဦးများ ပြည့်စုံကောင်း မွန်အောင်ဆောင်ရွက် ခြင်း။
၅။	ကျန်းမာရေး	ကျေးရွာ၏ ကျန်းမာ ရေးအသိပညာ၊ ဗဟုသုတတိုးတက်လာ စေခြင်း နှင့် ကျန်းမာရေးပြုစု စောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း။	၇၀	၄	• ကျန်းမာရေးအသိ ပညာပေးခြင်း

Scanned by CamScanner

๑	๒	๓	๔	๕
๑	๒	๓๓	๓๖	๑
๒	๒	๓๓	๓๖	๒
๓	๒	๓๓	๓๖	๓
๔	๒	๓๓	๓๖	๔
๕	๒	๓๓	๓๖	๕
๖	๒	๓๓	๓๖	๖
๗	๒	๓๓	๓๖	๗
๘	๒	๓๓	๓๖	๘
๙	๒	๓๓	๓๖	๙
๑๐	๒	๓๓	๓๖	๑๐
๑๑	๒	๓๓	๓๖	๑๑
๑๒	๒	๓๓	๓๖	๑๒
๑๓	๒	๓๓	๓๖	๑๓
๑๔	๒	๓๓	๓๖	๑๔
๑๕	๒	๓๓	๓๖	๑๕
๑๖	๒	๓๓	๓๖	๑๖
๑๗	๒	๓๓	๓๖	๑๗
๑๘	๒	๓๓	๓๖	๑๘
๑๙	๒	๓๓	๓๖	๑๙
๒๐	๒	๓๓	๓๖	๒๐
๒๑	๒	๓๓	๓๖	๒๑
๒๒	๒	๓๓	๓๖	๒๒
๒๓	๒	๓๓	๓๖	๒๓
๒๔	๒	๓๓	๓๖	๒๔
๒๕	๒	๓๓	๓๖	๒๕
๒๖	๒	๓๓	๓๖	๒๖
๒๗	๒	๓๓	๓๖	๒๗
๒๘	๒	๓๓	๓๖	๒๘
๒๙	๒	๓๓	๓๖	๒๙
๓๐	๒	๓๓	๓๖	๓๐
๓๑	๒	๓๓	๓๖	๓๑
๓๒	๒	๓๓	๓๖	๓๒
๓๓	๒	๓๓	๓๖	๓๓
๓๔	๒	๓๓	๓๖	๓๔
๓๕	๒	๓๓	๓๖	๓๕
๓๖	๒	๓๓	๓๖	๓๖
๓๗	๒	๓๓	๓๖	๓๗
๓๘	๒	๓๓	๓๖	๓๘
๓๙	๒	๓๓	๓๖	๓๙
๔๐	๒	๓๓	๓๖	๔๐
๔๑	๒	๓๓	๓๖	๔๑
๔๒	๒	๓๓	๓๖	๔๒
๔๓	๒	๓๓	๓๖	๔๓
๔๔	๒	๓๓	๓๖	๔๔
๔๕	๒	๓๓	๓๖	๔๕
๔๖	๒	๓๓	๓๖	๔๖
๔๗	๒	๓๓	๓๖	๔๗
๔๘	๒	๓๓	๓๖	๔๘
๔๙	๒	๓๓	๓๖	๔๙
๕๐	๒	๓๓	๓๖	๕๐
๕๑	๒	๓๓	๓๖	๕๑
๕๒	๒	๓๓	๓๖	๕๒
๕๓	๒	๓๓	๓๖	๕๓
๕๔	๒	๓๓	๓๖	๕๔
๕๕	๒	๓๓	๓๖	๕๕
๕๖	๒	๓๓	๓๖	๕๖
๕๗	๒	๓๓	๓๖	๕๗
๕๘	๒	๓๓	๓๖	๕๘
๕๙	๒	๓๓	๓๖	๕๙
๖๐	๒	๓๓	๓๖	๖๐
๖๑	๒	๓๓	๓๖	๖๑
๖๒	๒	๓๓	๓๖	๖๒
๖๓	๒	๓๓	๓๖	๖๓
๖๔	๒	๓๓	๓๖	๖๔
๖๕	๒	๓๓	๓๖	๖๕
๖๖	๒	๓๓	๓๖	๖๖
๖๗	๒	๓๓	๓๖	๖๗
๖๘	๒	๓๓	๓๖	๖๘
๖๙	๒	๓๓	๓๖	๖๙
๗๐	๒	๓๓	๓๖	๗๐
๗๑	๒	๓๓	๓๖	๗๑
๗๒	๒	๓๓	๓๖	๗๒
๗๓	๒	๓๓	๓๖	๗๓
๗๔	๒	๓๓	๓๖	๗๔
๗๕	๒	๓๓	๓๖	๗๕
๗๖	๒	๓๓	๓๖	๗๖
๗๗	๒	๓๓	๓๖	๗๗
๗๘	๒	๓๓	๓๖	๗๘
๗๙	๒	๓๓	๓๖	๗๙
๘๐	๒	๓๓	๓๖	๘๐
๘๑	๒	๓๓	๓๖	๘๑
๘๒	๒	๓๓	๓๖	๘๒
๘๓	๒	๓๓	๓๖	๘๓
๘๔	๒	๓๓	๓๖	๘๔
๘๕	๒	๓๓	๓๖	๘๕
๘๖	๒	๓๓	๓๖	๘๖
๘๗	๒	๓๓	๓๖	๘๗
๘๘	๒	๓๓	๓๖	๘๘
๘๙	๒	๓๓	๓๖	๘๙
๙๐	๒	๓๓	๓๖	๙๐
๙๑	๒	๓๓	๓๖	๙๑
๙๒	๒	๓๓	๓๖	๙๒
๙๓	๒	๓๓	๓๖	๙๓
๙๔	๒	๓๓	๓๖	๙๔
๙๕	๒	๓๓	๓๖	๙๕
๙๖	๒	๓๓	๓๖	๙๖
๙๗	๒	๓๓	๓๖	๙๗
๙๘	๒	๓๓	๓๖	๙๘
๙๙	๒	๓๓	๓๖	๙๙
๑๐๐	๒	๓๓	๓๖	๑๐๐

Scanned by CamScanner

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျောင်းမျက်နှာကျက်တပ်ဆင်ခြင်း	၁	Â				
၂	ရေနူတ်မြောင်းတူးဖော်ခြင်း	၂			Â		
၃	မူးယစ်ဆေးဝါးပညာပေးသင်တန်း ဖွင့်လှစ်ပေးခြင်း	၃	Â	Â	Â	Â	Â
၄	မူးယစ်ဆေးဝါးရောင်းသူဝယ်သူများ အားတည်ဆဲဥပဒေအရအရေးယူခြင်း	၄	Â	Â	Â	Â	Â
၅	ကျန်းမာရေးအသိပညာပေးဟောပြောပွဲ များကျင်းပခြင်း	၅	Â	Â	Â	Â	Â
၆	ငါးမဖမ်းရဲ့သတ်မှတ်ပေးခြင်း	၅		Â			
၇	ငါးလုပ်ငန်းဆိုင်ရာပညာပေးသင်တန်း များပို့ချပေးခြင်း	၆	Â	Â	Â	Â	Â
၈	သီးနှံစိုက်ပျိုးရေးနည်းပညာသင်တန်းပို့ ချပေးခြင်း	၇	Â	Â	Â	Â	Â
၉	မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင် ရွက်ပေးခြင်း	၈	Â	Â	Â	Â	Â
၁၀	မီးလင်းရေးကော်မတီများအားပညာပေး သင်တန်းပို့ချပေးခြင်း	၉	Â	Â	Â	Â	Â

Scanned by CamScanner

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး					
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					
၃	ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။					
၄	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး					
၅	ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး					
၆	ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး					
၇	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး					
၈	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး					
၉	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။					
၁၀	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး					
၁၁	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး					

ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

Scanned by CamScanner

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မ
ည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့
ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်
ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ
ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်
ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊
ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်
ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏
ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍
လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွ
က်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်
ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော
ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့
ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-
မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်
မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။
လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တ
င်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ
အကူအညီ များရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏
အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်
ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့
အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

Scanned by CamScanner

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွဲ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွဲ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ် သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

Scanned by CamScanner

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
  မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊
  ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

Scanned by CamScanner